## Feast of Christ the King

**1st READING:** ***Ezekiel 34: 11-12, 15-17***
ယေဇကျေလအနာကတ္တိကျမ်း။ ၃၄း ၁၁–၁၂၊ ၁၅–၁၇

အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါသည်ကိုယ်တိုင်လိုက်၍ ငါ့သိုးတို့ကိုရှာမည်။ ကွဲပြားလျက်ရှိသောမိမိသိုးတို့တွင် သိုးထိန်းရောက်သောအခါ ကြိုးစား၍ ရှာသကဲ့သို့၊ ငါသည်လည်း ငါ့သိုးတို့ကို ကြိုးစား၍ ရှာမည်။ မိုဃ်းအုံ့၍ မိုက်သောနေ့၌သူတို့ကွဲပြားသောအရပ်ရပ်တို့ကငါနှုတ်ဆောင်မည်။ ငါသည်ငါ့သိုးများကိုကျွေးမွေးမည်။ အိပ်ရာကိုလည်းငါ ပေးမည်။ ပျောက်သောသိုးများကိုငါရှာမည်။သူတပါးနှင်သောသိုးကိုလိုက်၍ဆောင်ခဲ့မည်။ အရိုးကျိုးသောသိုးကိုအဝတ်နှင့်စည်းမည်။ အားနည်းသောသိုးကိုမစမည်။ ဆူဖြိုး၍အားရှိသောသိုးကိုကားတရားအတိုင်းကျွေးမွေး၍ကွက်မျက်မည်ဟုအရှင်ထာဝရဘုရား မိန်တော်မူ၏။ အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ အိုငါသိုးတို့တိရိစ္ဆာန်အမျိုးတို့ကိုငင်း၊ သိုး အထီးနှင့်ဆိတ်ထီးတို့ကိုငင်းငင်း ငါပိုင်းခြားမည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Psalms  23:1-2, 2-3, 5-6

ဆာလံကျမ်း     ၂၃း ၁–၂၊၂–၃၊ ၅–၆

**သံပြိုင်။**     ။ထာဝရဘုရားသည်ငါ၏သိုးထိန်းဖြစ်တော်မူ၏ ။ငါ၌လိုလေသေးရှိမည်မဟုတ်။

R. **The Lord is my shepherd; there is nothing I shall want.**

၁။ ထာဝရဘုရားသည်ငါ၏သိုးထိန်းဖြစ်တော်မူ၏ ။ငါ၌လိုလေသေးရှိမည်မဟုတ်။ကိုယ်တော်သည်ငါ့အားစိမ်းလန်း
သောစားကျက်များ၌နားနေစေတော်မူ၏ ။     **သံပြိုင်။**

The LORD is my shepherd; I shall not want. In verdant pastures he gives me repose.

၂။ကိုယ်တော်သည်ငါ့အားငြိမ်သက်သာယာသောမြစ်ချောင်းများအနီးသို့လမ်းပြခေါ်ဆောင်တော်မူ၏ ။ကိုယ်တော်သည်ငါ့
၏ဝိညာဉ်ကိုအားသစ်လောင်းပေးတော်မူ၍၊ ကိုယ်တော်၏နာမ  တော်အဖို့အလို့ငှါငါ့အားလမ်းမှန်ကိုပြတော်မူ၏ ။
**သံပြိုင်။**

Beside restful waters he leads me; he refreshes my soul. He guides me in right paths for his name's sake.

၃။တပည့်တော်အသက်ရှင်နေရသည့်နေ့ရက်များအားလုံး၌ကိုယ်တော်၏ကောင်းမြတ်ခြင်းနှင့်သနားကရုဏာတော်သည်တ
ပည့်တော်နှင့်အတူဧကန်မုချရှိပါလိမ့်မည်။ တပည့်တော်သည်ထာဝရဘုရား၏အိမ်တော်တွင်ဘဝသက်တာတစ်လျှောက်
လုံးနေရပါလိမ့်မည်။ **သံပြိုင်။**

Only goodness and kindness follow me all the days of my life; and I shall dwell in the house of the LORD for years to come.

## 2nd READING: *1 Corinthians 15:20-26, 28*

ကော်ရင့်သုဩဝါဒပထမစာစောင်    ၁၅း ၂၀–၂၆၊ ၂၈

သို့ရာတွင်အကယ်စင်စစ်ခရစ်တော်သည်သေခြင်းမှရှင်ပြန်ထမြောက်တော်မူသောကြောင့်သေလွန်သူတို့သည်ရှင်ပြန်ထမြောက်ကြလိမ့်မည်ဖြစ်ကြောင်းအာမခံချက်ရရှိထားကြလေပြီ။လူတစ်ယောက်အားဖြင့်သေခြင်းတရားသည်ဖြစ်ပေါ်လာရသကဲ့သို့သေခြင်းမှရှင်ပြန်ထမြောက်ရခြင်းတရားသည်လည်းလူတစ်ယောက်အားဖြင့်ဖြစ်ပေါ်လာ၏။လူအပေါင်းတို့သည်အာဒံနှင့်တစ်လုံးတစ်ဝတည်းဖြစ်သောကြောင့်သေရကြ၏။ထိုနည်းတူခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်ခြင်းကြောင့်သေခြင်းမှရှင်ပြန်ထမြောက်ရကြလိမ့်မည်။သို့ရာတွင်လူအသီးသီးတို့သည်မိမိတို့အလှည့်ကျရှင်ပြန်ထမြောက်ကြရမည်။ခရစ်တော်သည်ဦးစွာပထမရှင်ပြန်ထမြောက်တော်မူမည်။ထို့နောက်ခရစ်တော်ကြွလာတော်မူသောအခါကိုယ်တော်၏တပည့်တော်များတို့သည်ရှင်ပြန်ထမြောက်ကြရလိမ့်မည်။ထို့နောက်ကမ္ဘာကုန်ဆုံးချိန်ရောက်လိမ့်မည်။ထိုအခါခရစ်တော်သည်ရှိသမျှသောစိုးမိုးအုပ်ချုပ်သူများ၊အာဏာပိုင်များနှင့်တန်ခိုးရှင်များကိုနှိမ်နင်း၍နိုင်ငံတော်ကိုခမည်းတော်ဘုရား၏လက်တော်သို့ပေးအပ်တော်မူလိမ့်မည်။ဘုရားသခင်သည်ရန်သူအပေါင်းကိုနှိမ်နင်း၍ခရစ်တော်၏ခြေဖဝါးတော်အောက်သို့ရောက်သည့်တိုင်အောင်ခရစ်တော်သည်အုပ်စိုးတော်မူရမည်။နောက်ဆုံးနှိမ်နင်းရမည့်ရန်သူကားသေခြင်းတရားပင်ဖြစ်၏။သို့ရာတွင်ခပ်သိမ်းသောအရာအားလုံးစုံတို့ကိုခရစ်တော်၏အုပ်စိုးတော်မူခြင်းအောက်၌ချထားတော်မူခြင်းခံရသောအခါမိမိ၏ခြေတော်အောက်၌အရာအားလုံးစုံကိုချထားတော်မူသောဘုရားသခင်၏အုပ်စိုးခြင်းကိုသားတော်ကိုယ်တော်တိုင်လက်ခံတော်မူလိမ့်မည်။ထိုအခါဘုရားသခင်သည်အားလုံးစုံတို့အတွက်အားလုံးစုံဖြစ်တော်မူ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**GOSPEL:** ***Matthew 25: 31-46***

ရှင်မာတေဦးဧဝံဂေလိကျမ်း ၂၅း ၃၁–၄၆

လူသားသည်မိမိဘုန်းအာနုဘော်တော်၌သန့်ရှင်းသောကောင်းကင်တမန်များနှင့်အတူကြွလာတော်မူသောအခါဘုန်းကျက်သရေရှိသောပလ္လင်တော်ပေါ်မှာထိုင်တော်မူလိမ့်မည်။ထို့နောက်ရှေ့တော်၌လူမျိုးအပေါင်းတို့ကိုစုဝေးစေပြီး၊သိုးထိန်းသည်သိုးတို့ကိုဆိတ်တို့မှခွဲခြားသကဲ့သို့သူတို့ကိုလည်းတစ်စုစီခွဲတော်မူ၍သိုးတို့ကိုလက်ယာဘက်၊ဆိတ်တိုကိုလက်ဝဲဘက်၌ထားတော်မူလိမ့်မည်။ထိုအခါလက်ယာဘက်၌ရှိသူတို့အားငါ၏ခမည်းတော်ထံမှကောင်းကြီးမင်္ဂလာခံရသောသူတို့၊လာကြလော့။ကမ္ဘာဦးကပင်သင်တို့အတွက်ပြင်ဆင်ထားသောနိုင်ငံတော်ကိုအမွေခံကြလော့။အကြောင်းမူကား၊ ငါသည်ဆာလောင်မွတ်သိပ်သောအခါသင်တို့သည်ငါ့အားစားစရာပေးကြ၏။ ငါရေငတ်သောအခါသင်တို့သည်ငါ့အားသောက်စရာပေးကြ၏။ငါသည်ဧည့်သည်သူစိမ်းဖြစ်သောအခါသင်တို့သည်ငါ့အားဧည့်သည်ဝတ်ကိုပြုကြ၏။ငါ၌အဝတ်မရှိသောအခါငါ့ကိုအဝတ်နှင့်ဖုံးလွှမ်းကြ၏။ငါဖျားနာသောအခါသင်တို့သည်ငါ့ကိုပြုစုကြ၏။ငါထောင်ကျနေရသောအခါသင်တို့သည်ငါ့ထံသို့လာရောက်ကြည့်ရှုကြ၏ဟုမိန့်တော်မူလိမ့်မည်။ထိုအခါဖြောင့်မတ်သောသူတို့ကအရှင်၊ကိုယ်တော်ဆာလောင်မွတ်သိပ်သည်ကိုမည်သည့်အခါ၌ တပည့်တော်တို့မြင်ရ၍ ကိုယ်တော်ကိုကျွေးမွေးခဲ့ပါသနည်း။ရေငတ်တော်မူ၍ကိုယ်တော်အားသောက်စရာပေးခဲ့ပါသနည်း။ကိုယ်တော်သည်ဧည့်သည်ဖြစ်သည်ကိုမည်သည့်အခါ၌တပည့်တော်တို့မြင်၍ဧည့်ဝတ်ပြုခဲ့ပါသနည်း။ကိုယ်တော်၌အဝတ်မရှိသည်ကိုမည်သည့်အခါ၌တပည့်တော်တို့မြင်ရ၍အဝတ်နှင့်ဖုံးလွှမ်းခဲ့ပါသနည်း။ကိုယ်တော်ဖျားနာသည်ကို၊ထောင်ထဲမှာနေရသည်ကိုမည်သည့်အခါ၌တပည့်တော်တို့မြင်ရ၍အထံတော်သို့လာကြပါသနည်းဟုပြန်၍လျှောက်ထားကြလေ၏။ဘုရင်ကသင်တို့အားငါအမှန်ဆိုသည်ကား၊ဤငါ၏ညီအစ်ကိုတို့တွင်အသိမ်ငယ်ဆုံးဖြစ်သူတစ်ယောက်ကိုသင်တို့ပြုခဲ့ကြလျှင်ငါ့ကိုပင်ပြုကြပြီဟုသူတို့အားပြန်ပြောတော်မူလိမ့်မည်။ထို့နောက်လက်ဝဲဘက်၌ရှိသောသူတို့အား၊ကျိန်ဆိုခြင်းခံရသောသူတို့ငါ့ထံမှထွက်ခွါ၍နတ်ဆိုးနှင့်သူ၏တမန်များအဘို့ပြင်ဆင်ထားသောထာဝရမီးထဲသို့သွားကြလော့။အကြောင်းမူကားငါဆာလောင်မွတ်သိပ်သောအခါ၊သင်တို့သည်ငါ့အားစားစရာမပေး။ငါရေငတ်သောအခါသင်တို့သည်ငါ့အားသောက်စရာမပေး။ငါသည်ဧည့်သည်သူ စိမ်းဖြစ်သောအခါ၊သင်တို့သည်ငါ့အားဧည့်ဝတ်မပြုကြ၊ငါ၌အဝတ်မရှိသောအခါသင်တို့သည်ငါ့ကိုမဖုံးလွှမ်းကြ။ငါဖျားနာသောအခါငါထောင်ကျနေသောအခါသင်တို့သည်ငါ့အားမကြည့်ရှုကြဟုမိန့်တော်မူလိမ့်မည်။ထိုအခါသူတို့ကအရှင်၊ကိုယ်တော်သည်ဆာလောင်မွတ်သိပ်တော်မူသည်။ရေငတ်တော်မူသည်။ဧည့်သည်သူစိမ်းဖြစ်တော်မူသည်။ကိုယ်၌အဝတ်ကင်းမဲ့တော်မူသည်။ဖျားနာတော်မူသည်။ထောင်ကျတော်မူသည်ကိုတပည့်တော်တို့မည်သည့်အခါမြင်ရ၍ကိုယ်တော်ကိုမပြုစုဘဲနေပါသနည်းဟုမေးလျှောက်ကြလိမ့်မည်။ထိုအခါဘုရင်ကသင်တို့အားငါအမှန်ဆိုသည်ကား၊အသိမ်ငယ်ဆုံးသောဤသူတို့တွင်တစ်ယောက်ကိုမျှသင်တို့သည်မပြုကြလျှင်ငါ့ကိုလည်းမပြုကြဟုမိန့်တော်မူလိမ့်မည်။ဤသူတို့သည်ထာဝရအပြစ်ဒဏ်ခံကြရ၍ဖြောင့်မတ်သောသူတို့မူကားထာဝရအသက်ရှင်ခြင်းသို့ဝင်ရောက်ကြလိမ့်မည်ဟုမိန့်တော်မူ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။